Perth Children's Hospital

Health Facts


# တက်ခြင်း ရှေးဦးသူနာပြုစုရေး စီမံခန့်ခွဲမှုအစီအစဉ်

**အကြောက်ဆွဲ၍ တက်ခြင်း = သတိလစ်သွားနိုင်သော မထိန်းချုပ်နိုင်သည့် ခြေလက်အင်္ဂါများနှင့် ခန္ဓာကိုယ် အကြောဆွဲတုန်ယင်ခြင်း။**

1. တက်ခြင်း စတင်သည့်အချိန်၊ ကြာချိန်နှင့် သွင်ပြင်လက္ခဏာများကို မှတ်သားထားပါ

2. **ရှေးဦးသူနာပြုစုမှု ပေးပါ**

- စိတ်တည်ငြိမ်အောင်ထားပါ
- အန္တရာယ်ဖြစ်စေနိုင်သော အရာဝတ္ထုများကို ဖယ်ရှားထားပါ၊ ကလေး၏ ပါးစပ်ထဲသို့ လက်ချောင်းများ/အရာဝတ္ထုများ ထိုးမထည့်ပါနှင့်
- ကလေး၏ လှုပ်ရှားမှုများကို ထိန်းချုပ်ရန် မကြိုးစားပါနှင့်
- ကလေးက ကြမ်းပြင်ပေါ်တွင် ဖြစ်ပါက ဦးခေါင်းအောက်တွင် ပျော့အိသောအရာတစ်ခုကို ထားပေးပြီး လည်ပင်းပတ်ပတ်လည်ရှိ တင်းကျပ်နေသောအရာမှန်သမျှကို ဖြေလျှော့ပေးပါ
- ကလေးက ပက်လက်လဲလျောင်းနေပါက တက်ခြင်း ပြီးသွားသည်နှင့်တစ်ပြိုင်နက် ကလေးကိုယ်တိုင် မထိုင်နိုင်မချင်း သို့မဟုတ် အကူအညီရောက်မလာမချင်း ဖြစ်နိုင်လျှင် ကလေးကို တစောင်းလှဲနေစေပါ (ဆိုလိုသည်မှာ ပြန်လည်ကောင်းမွန်လာသော အနေအထား)
- အကူအညီ ရောက်မလာမချင်း သို့မဟုတ် ကလေးက ပြန်လည်ကောင်းမွန်မလာမချင်း ကလေးနှင့်အတူ ရှိနေပေးပြီး ကလေး၏ အသက်ရှူပုံနှင့် အရောင်တို့ကို အမြဲမပြတ် စောင့်ကြည့်လေ့လာပါ။
- ကိုယ်ရေးလုံခြုံမှု ရှိစေရန်နှင့် အခြားသူများ ဝေးဝေးတွင်ရှိနေစေရန် ကြိုးစားပါ



### 3. လူနာတင်ယာဉ်ခေါ်ရန် 000 သို့ ချက်ချင်း ဖုန်းခေါ်ပါ

- တက်ခြင်းဖြစ်နေစဉ် သို့မဟုတ် တက်ခြင်းဖြစ်ပြီးနောက် ကလေးက အသက်ရှူရခက်ခဲခြင်းတစ်ခုခု ဖြစ်လာလျှင် သို့မဟုတ် ပြာနှမ်းနှမ်းဖြစ်လာလျှင် (မျက်နှာ/နှုတ်ခမ်းများတစ်ဝိုက်တွင် ပြာခြင်း)
- ကလေးက ထိခိုက်နာကျင်နေသည် သို့မဟုတ် အနာတရဖြစ်နေသည်
- ရေထဲတွင် တက်ခြင်း ဖြစ်ပေါ်သည်

### 4. အကြောဆွဲ၍တက်ခြင်းက ……… မိနစ်ထက်ကြာ၍ ဆက်ဖြစ်နေလျှင် ညွှန်ကြားထားသော Midazolam ကို တိုက်ကျွေးပါ-

| | |
|---|---|
| လမ်းကြောင်း- | ☐ ခံတွင်း ☐ နှာခေါင်း |
| Midazolam တစ်ခါသောက်ပမာဏ | ……… mg (……….. အစက် / mL / လေလုံဆေးပုလင်း) |
| ညွှန်ကြားချက်များ- | |
| လူနာတင်ယာဉ်ခေါ်ပါ | ☐ Midazolam ဆေးမတိုက်မီ / ဆေးတိုက်ချိန်တွင်<br>☐ Midazolam ဆေးပေးပြီးနောက် ……. မိနစ်အတွင်း တက်ခြင်း ရပ်သွားလျှင်<br>☐ အခြား-………………………………………………………………………… |
| ဒုတိယအကြိမ် Midazolam တစ်ခါသောက်ပမာဏ | ☐ ညွှန်ကြားမထားပါ<br>☐ ပထမအကြိမ် Midazolam တစ်ခါသောက်ပမာဏ တိုက်ကျွေးပြီးနောက် ……… မိနစ်အတွင်း တက်ခြင်း ရပ်သွားလျှင် ……. mg (……… အစက် / လေလုံဆေးပုလင်း) ထပ်ပေးပါ |
| လူနာတင်ယာဉ်ခေါ်ပါ- | ☐ ဒုတိယအကြိမ် Midazolam တစ်ခါသောက်ပမာဏ ပေးချိန်တွင်<br>☐ ဒုတိယအကြိမ် Midazolam တစ်ခါသောက်ပမာဏ ပေးပြီးနေက် ……. မိနစ်အထိ တက်ခြင်း ဆက်ဖြစ်နေလျှင် |
| ညွှန်ကြားချက်များ- | |
| 24 နာရီအတွင်း အများဆုံး ဆေးပမာဏ/များ | |

**1 mL** တွင် Midazolam **5 mg** ပါဝင်သော ပလတ်စတစ် လေလုံဆေးပုလင်းကို ပို၍ရွေးချယ်သင့်သည် (1mL သည် အစက် 20 နှင့် ညီမျှသည်)။ *Midazolam လေလုံဆေးပုလင်းများတွင် 'အနေ့း IV သို့မဟုတ် IM ထိုးဆေးအတွက်' ဟူ၍ အညွှန်းတပ်ထားသည်၊ သို့သော် ခံတွင်းနှင့် နှာခေါင်း လမ်းကြောင်းများမှတစ်ဆင့်လည်း ပေးနိုင်သည်)။*

**ခံတွင်း Midazolam-** လေလုံဆေးပုလင်းမှ ဆေးကို ခံတွင်း (သွားဖုံးနှင့် ပါးကြား) ထဲသို့ ညှစ်၍ အစက်ချခြင်းဖြင့် တိုက်ရိုက်ပေးနိုင်သည်။

သင့်ကလေး၏ သူနာပြု၊ ဆရာဝန် သို့မဟုတ် ဆေးဝါးကျွမ်းကျင်သူက ညွှန်ကြားပေးထားသော 'ဆေးဖျန်းကိရိယာ' ကို အသုံးပြု၍ **နှာခေါင်း Midazolam** ကို ပေးနိုင်သည်။

**လူနာအမည်-**

**မွေးသက္ကရာဇ်-**

ဆရာဝန်၏ လက်မှတ်-

ပုံနှိပ်အမည်-

ရက်စွဲ-


Government of **Western Australia**
**Child and Adolescent Health Service**

**ကလေးနှင့် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးဝန်ဆောင်မှု**
15 Hospital Avenue, Nedlands, WA, 6009
တယ်လီဖုန်း (08) 6456 4327



စီစဉ်ထုတ်ဝေသူ- အာရုံကြောဆေးပညာဌာန
ရည်ညွှန်း- 1096.3 © CAHS 2023



**မသက်ဆိုင်ကြောင်းငြင်းဆိုချက်-** ဤထုတ်ဝေမှုသည် အထွေထွေ အသိပညာပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း ရည်ရွယ်ချက်များအတွက် ဖြစ်သည်။


**ဤစာရွက်စာတမ်းကို မသန်စွမ်းသူတစ်ဦးအတွက် တောင်းဆိုလာလျှင် အခြားဖော်မက်များဖြင့် ရရှိအောင် လုပ်ဆောင်ပေးနိုင်သည်။**